# သင်ခန်းစာ-၄၀

## ၁။ ဝေါဟာရများ

| | | |
|---|---|---|
| かぞえますⅡ | 数えます | ရေတွက်သည်၊တွက်ချက်သည် |
| はかりますⅠ | 測ります、量ります | တိုင်းထွာသည်၊ချိန်တွယ်သည်၊တိုင်းထွာသည် |
| たしかめますⅡ | 確かめます | စိစစ်သည်၊စစ်ဆေးသည် |
| あいますⅠ [サイズが～] | 合います | ကိုက်ညီသည်၊အရွယ်တော်သည် [အရွယ်အစားက～] |
| しゅっぱつしますⅢ* | 出発します | ထွက်ခွာသည် |
| とうちゃくしますⅢ | 到着します | ဆိုက်ရောက်သည် |
| よいますⅠ | 酔います | မူးဝေသည် |
| うまく いきますⅠ | | ကောင်းကောင်းမွန်မွန်ဖြစ်သည်၊အဆင်ပြေသည် |
| でますⅡ [もんだいが～] | 出ます [問題が～] | ထွက်ပေါ်သည် [ပြဿနာ(က)～] |
| そうだんしますⅢ | 相談します | တိုင်ပင်သည်၊ဆွေးနွေးသည် |
| ひつよう[な] | 必要[な] | လိုအပ်သော |
| てんきよほう | 天気予報 | မိုးလေဝသသတင်း |
| ぼうねんかい | 忘年会 | နှစ်ကုန်အထိမ်းအမှတ်ပွဲ |
| しんねんかい* | 新年会 | နှစ်သစ်ကူးအထိမ်းအမှတ်ပွဲ |
| にじかい | 二次会 | ဒုတိယပွဲဆက် |
| はっぴょうかい | 発表会 | စာတမ်းဖတ်ပွဲ၊ဟောပြောပွဲ၊တင်ဆက်ပွဲ |
| たいかい | 大会 | ပြိုင်ပွဲ |
| マラソン | | မာရသွန်အပြေးပြိုင်ပွဲ |
| コンテスト | | ယှဉ်ပြိုင်ပွဲ |
| おもて | 表 | အပြင်၊အပြင်ဘက်၊အလှဘက်၊အချောဘက်၊မျက်နှာဘက် |
| うら* | 裏 | အတွင်း၊အတွင်းဘက်၊မလှဘက်၊မချောဘက်၊ကျောဘက် |
| まちがい | | အမှား၊မှားယွင်းမှု |
| きず | 傷 | ဒဏ်ရာ၊အနာ |
| ズボン | | ဘောင်းဘီ |
| [お]としより | [お]年寄り | သက်ကြီးရွယ်အို |
| ながさ* | 長さ | အရှည် |
| おもさ | 重さ | အလေးချိန် |
| たかさ | 高さ | အမြင့် |
| おおきさ* | 大きさ | အရွယ်အစား |
| [－]びん | [－]便 | လေယာဉ်နံပါတ်[－] |
| －こ* | －個 | －ခု(သေးငယ်သောအရာများကိုရေတွက်သည့်အရေအတွက်ပြစကားလုံး) |



| | | |
|---|---|---|
| －ほん (－ぽん、－ぼん) | －本 | －ချောင်း(ရှည်လျားသောအရာများကိုရေတွက်သည့်အရေအတွက်ပြစကားလုံး) |
| －はい (－ぱい、－ばい)* | －杯 | －ခွက်(ခွက်တွင်ထည့်ထားသောသောက်စရာများကိုရေတွက်သည့်အရေအတွက်ပြစကားလုံး) |
| －センチ* | | －စင်တီမီတာ |
| －ミリ* | | －မီလီမီတာ |
| －グラム* | | －ဂရမ် |
| ～いじょう* | ～以上 | ～ထက်ပို(၍)၊ ～(နှင့်)အထက် |
| ～いか | ～以下 | ～ထက်လျော့(၍)၊ ～(နှင့်)အောက် |
| ※長崎 | | နာဂစာကီ(နာဂစာကီခရိုင်ရှိခရိုင်ရုံးစိုက်ရာနေရာ) |
| ※仙台 | | ဆန်းဒိုင်း (မိယဂိခရိုင်ရှိခရိုင်ရုံးစိုက်ရာနေရာ) |
| ※JL | | ဂျေအယ်လ် (ဂျပန်လေကြောင်းလိုင်းများ) |
| ※七夕祭り | | တနဘာတပွဲတော် (၇လပိုင်း၇ရက်နေ့၌ကျင်းပသောပွဲတော်) |
| ※東照宮 | | တိုးရှောဂူး (တိုချိဂိခရိုင်နိကိုးတွင်ရှိသောတိုခုဂဝ အိအဲယာစုအား ပူဇော်သည့်နတ်ကျောင်း) |

**〈会話〉**

| | |
|---|---|
| どうでしょうか。 | ဘယ်လိုလဲ။ (どうですか၏ ယဉ်ကျေးသောအသုံး) |
| テスト | စာမေးပွဲ၊စမ်းသပ်မှု |
| 成績 | ရမှတ် |
| ところで | စကားမစပ် |
| いらっしゃいますⅠ | ကြွသည် (きます၏ ရိုသေလေးစားသောအသုံး) |
| 様子 | ပုံသဏ္ဌာန် |

**〈読み物〉**

| | |
|---|---|
| 事件 | အမှု |
| オートバイ | မော်တော်ဆိုင်ကယ် |
| 爆弾 | ဗုံး |
| 積みますⅠ | စုပုံသည် |
| 運転手 | ကား/ရထားမောင်းသူ |
| 離れた | အလှမ်းကွာတဲ့၊ အလှမ်းကွာသည့် |
| 急に | ရုတ်တရက် |
| 動かしますⅠ | လှုပ်သည် |
| 一生懸命 | အားသွန်ခွန်စိုက် |
| 犯人 | ရာဇဝတ်သား |
| 男 | ယောက်ျား၊ကျား |
| 手に入れますⅡ | အရယူသည် |
| 今でも | အခုလည်းပဲ၊ယခုထက်တိုင် |

## ၄။ သဒ္ဒါရှင်းလင်းချက်

၁.

| | | |
|---|---|---|
| V<br>い-adj | ရိုးရိုးပုံစံ | か、～ |
| な-adj<br>N | ရိုးရိုးပုံစံ<br>～だ | |

ဤဝါကျပုံစံကို အမေးစကားလုံးပါဝင်သည့်အမေးဝါကျကို အခြားဝါကျတစ်ခုတွင် ထည့်သွင်းသည့်အခါမျိုး၌ အသုံးပြုသည်။

① JL107便(びん)は 何時(なんじ)に 到着(とうちゃく)するか、調(しら)べて ください。
JL107လေယာဉ်[က] ဘယ်နှနာရီ[မှာ] ဆိုက်မလဲ[ဆိုတာ] စုံစမ်းပေးပါ။

② 結婚(けっこん)の お祝(いわ)いは 何(なに)が いいか、話(はな)して います。
မင်္ဂလာဆောင်လက်ဖွဲ့[ကို] ဘယ်ဟာကောင်းမလဲ[လို့] ပြောနေကြတယ်။

③ わたしたちが 初(はじ)めて 会(あ)ったのは いつか、覚(おぼ)えて いますか。
ကျွန်တော်တို့ ပထမဆုံးတွေ့ခဲ့တာ ဘယ်တုန်းကလဲ[ဆိုတာ] မှတ်မိလား။

တစ်ဖန် အမေးစကားလုံးသည် နာမ်ဖြစ်သည့်အတွက် ③ကဲ့သို့ အမေးစကားလုံး-か ဟူသည့် ပုံစံအဖြစ်လည်းအသုံးပြုနိုင်သည်။

၂.

| | | |
|---|---|---|
| V<br>い-adj | ရိုးရိုးပုံစံ | か どうか、～ |
| な-adj<br>N | ရိုးရိုးပုံစံ<br>～だ | |

ဤဝါကျပုံစံကို အမေးစကားလုံးမပါဝင်သည့် အမေးဝါကျကို အခြားဝါကျတစ်ခုအတွင်း ထည့်သွင်းသည့်အခါမျိုး၌ အသုံးပြုသည်။ ရိုးရိုးပုံစံ-か ၏နောက်တွင်どうかကို တွဲရန်လိုအပ်သည်ကို သတိပြုရမည်။

④ 忘年会(ぼうねんかい)に 出席(しゅっせき)するか どうか、20日(はつか)までに 返事(へんじ)を ください。
နှစ်ကုန်ညစာစားပွဲကို တက်မယ်မတက်ဘူးဆိုတာ ၂၀ရက်နေ့နောက်ဆုံးထားပြီး အကြောင်းပြန်ပေးပါ။

⑤ その 話(はなし)は ほんとうか どうか、わかりません。
အဲဒီအကြောင်းက တကယ်လား ဘာလားဆိုတာ မသိပါဘူး။

⑥ まちがいが ないか どうか、調(しら)べて ください。
အမှားရှိမရှိ[ကို] စစ်ပေးပါ။ (/မှန်လား[ဆိုတာ] စစ်ပေးပါ။)

⑥တွင်まちがいが あるか どうかမဟုတ်ဘဲ まちがいが ないか どうかဖြစ်နေသည်မှာ ပြောသူသည် まちがいが ない ဟူသည့် အကြောင်းကို အတည်ပြုပေးစေချင်သောကြောင့်ဖြစ်သည်။



၃. **Vて-ပုံစံ みます**

ဤဝါကျပုံစံသည် ပြုမူလုပ်ဆောင်မှုတစ်ခုကို စမ်းသပ်သည့်အနေဖြင့် ပြုလုပ်သည် ဟူသည့် အဓိပ္ပာယ်ကို ဖော်ပြသည်။

⑦ もう 一度(いちど) 考(かんが)えて みます。
နောက်တစ်ခေါက် ပြန်စဉ်းစားကြည့်ပါမယ်။

⑧ この ズボンを はいて みても いいですか。
ဒီဘောင်းဘီကို ဝတ်ကြည့်လို့ရမလား။

⑨ 北海道(ほっかいどう)へ 行(い)って みたいです。
ဟော်ကိုင်းဒိုးကို သွားကြည့်ချင်တယ်။

⑨ကဲ့သို့ ～て みたい ဟူသည့်ပုံစံကို အသုံးပြုပါက ～たい ထက်စာလျှင် မိမိဆန္ဒကို ပြေပြေလျော့လျော့ဖြင့် ဖော်ပြနိုင်သည်။

၄. **い-adj(～い)→～さ**

い-adjသည် အဆုံးစကားလုံး い ကို さ သို့ပြောင်း၍ နာမ်အဖြစ် ပြုလုပ်နိုင်သည်။

ဥပမာ- 高(たか)い → 高(たか)さ　長(なが)い → 長(なが)さ　速(はや)い → 速(はや)さ

⑩ 山(やま)の 高(たか)さは どうやって 測(はか)るか、知(し)って いますか。
တောင်အမြင့်ကို ဘယ်လိုတိုင်းရလဲ သိသလား။

⑪ 新(あたら)しい 橋(はし)の 長(なが)さは 3,911メートルです。
တံတားအသစ်ရဲ့အရှည်က ၃၉၁၁မီတာဖြစ်ပါတယ်။

၅. **～でしょうか**

～でしょう(သင်ခန်းစာ-၃၂)ကို ⑫ကဲ့သို့ အမေးဝါကျမျိုး၌ အသုံးပြုလျှင် ခိုင်မာသည့်အဖြေကို တောင်းဆိုသည့်ပြောနည်းမဟုတ်သဖြင့် တစ်ဖက်လူအပေါ် သိမ်မွေ့ပျော့ပျောင်းသည့်သဘောကို ပေးစွမ်းနိုင်သည်။

⑫ ハンスは 学校(がっこう)で どうでしょうか。
ဟန်ဆုက ကျောင်းမှာ ဘယ်လိုများနေသလဲ။